ပါဆန်းကျေးရွာ

မိုင်းဖြတ်မြို့နယ်၊ တာချီလိတ်ခရိုင်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပါဆန်းကျေးရွာ၊ မိုင်းဖြတ်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ စက်တင်ဘာ လ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၄ |
| စကားချီး | ၅ |
| ဆိုက်ခေါင်ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းဖြတ်မြို့နယ် | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | **၈** |
| (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၈ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ | ၉ |
| (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | ၁၀ |
| (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၁၀ |
| (က) လူဦးရေဆိုင်ရာအချက်လက်များ | ၁၀ |
| (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု | ၁၀ |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု | ၁၀ |
| (ဃ) ကျန်းမာရေးနှင့်အာဟာရ | ၁၁ |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၁ |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၁ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | ၁၂ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၂ |
| (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၂ |
| (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၂ |
| (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၂ |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၃ |
| (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၃ |
| (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၁၄ |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၁၄ |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | ၁၄ |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ | |

အဟာန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ ၁၄
(ခ) အဟာန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၅

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၈
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၁၈
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း ၁၈
(ဂ) ဦးစားပေးစီမံချက်များ ၁၉
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၂

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၅

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၂၆
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ၂၆
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၂၆
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ ၂၇

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၈
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၂၉
(ဂ) နည်းပညာဆိုင်ရာအကူအညီ ၂၉
(ဃ) ကိုးကားစာရင်း

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) လူမှုစီးပွားရေးအခြေအနေ
**ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ** **၃၀**
**ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား** **၃၀**
**ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်ခနှုန်းထား** **၃၄**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု** **၃၅**

ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၃၅
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၃၆
ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ ၃၇
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၃၈
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ၃၈
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၃၉
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ ၄၀
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၄၂
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု ၄၃
ဇယား ၁၄ ကျေးရွာ၏ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ ၄၄
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း ၄၅
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု ၄၅
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ ၄၆
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ ၄၇
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၄၈
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ ၄၉
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ ၅၀
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ ၅၂
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊
ပြဿနာနှင့်အခက်အခဲများ ၅၃
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံပုံစံနှင့်အချိန်ကာလ ၅၄
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း ၅၅
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ ၅၅
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီမှုအခြေအနေ ၅၆
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း ၅၇
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ ၅၈
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း ၅၉
ဇယား ၃၁ ကျောင်းတက်နှုန်း ၆၀
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၆၁
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ ၆၂
ဇယား ၃၄ အဖြစ်များသောရောဂါများ ၆၂
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု ၆၃
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ ၆၃

ဇယား ၃၇ သောက်သုံးရေရရှိမှု ၆၅
ဇယား ၃၈ အိမ်သာအမျိုးအစား ၆၆
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ ၆၆
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ ၆၇
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ ၆၈
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၆၉
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ ၆၉
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ ၇၀
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ ၇၀
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၇၁
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု ၇၁
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ ၇၂

နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၇၃
ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၇၃
ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်စာရင်း ၇၄
ကိုးကားစာရင်း ၇၅

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ ပါဆန်းကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ကျေးရွာအဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာလူကြီးမင်းများနှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦး ဆုံးသော လူများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပါဆန်းကျေးရွာသူ/သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိကအခက်အခဲပြဿနာများကို ဖော်ထုတ်ခဲ့ကြပြီး ဆက်လက် လုပ်ဆောင်ရမည့်အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏အဓိကအခက်အခဲများ ဖြစ်နေသော ရွာတွင်းခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းအား ပထမဦးစားပေးအနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ရွာတွင်းခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ဖြစ်မြောက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းပါဝင် ကူညီမည့် ကျေးလက်ဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာ၏ကိန်းဂဏန်းဆိုင်ရာ အချက်အလက် စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဦးစီးဌာနဝန်ထမ်းများအား ကျေးဇူး အထူးပင်တင်ရှိပါသည်။ ရရှိထားသော ကိန်းဂဏန်းများ သတင်းအချက်အလက်များကို စီမံကိန်း ရေးဆွဲရေးအထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင် လာရပါသည်။ ယခင်နှစ်များက မိမိတို့နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်း လင်းသင်ကြားပို့ချသင်ကြားခဲ့ပါသဖြင့် ကျွန်ုပ်တို့ကျေးရွာသူ/သားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် မိမိတို့ကျေးရွာလူထုသည်သာ အဓိကကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆိုသည်မှာ မိမိတို့ကျေးလက်နေပြည်သူများ၏ ဘဝနှင့်ဆိုင်သောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အားများ ပါဝင်၍ ဆောင် ရွက်ရသောစီမံကိန်းဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက်လာခဲ့ပါသည်။

ဤစီမံချက်လုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးကူညီမှုများရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာအနေ ဖြင့်လည်း တတ်နိုင်သမျှ ငွေအား၊ လုပ်အားစုပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးရွာမှ နောင်အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု များကို

ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ် ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင် ပါသည်။

စက်တင်ဘာ လ ၊ ၂၀၁၈ ခုနှစ်၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပါဆန်းကျေးရွာ
မိုင်းဖြတ်မြို့နယ်



**ကျေးရွာနှင့်သယံဇာတပြမြေပုံ**

ပါဆန်းကျေးရွာ၊ နမ့်ကုန်းကျေးရွာအုပ်စု၊ မိုင်းဖြတ်မြို့နယ်

ရေးဆွဲသည့်ရက်စွဲ (၁၄.၆.၂၀၁၈)

ရေးဆွဲသူအမည်– ဦးအိုက်လုံ

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့်နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည် သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်း များကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်း များနှင့်လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ထားနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လ
က်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့ အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီး တင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင့် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူသားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/တို မှာပါ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလို အပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံ ကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ပါဆန်းကျေးရွာသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၏ အရှေ့မြောက်ဘက်(၄)မိုင်ခန့်အကွာတွင်တည်ရှိသည်။ ကျေးရွာသည် လမ်းမကြီးဘေးတွင်တည်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်ဆိုင်လုပ်ငန်းများကို အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ်ကြသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကားလမ်း(ဆိုင်ကယ်)ကိုသာအသုံးပြုကြသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ လက်မ၄၀မှ၆၀ကြားရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက်သင့်တော်သောအခြေနေဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်မြေနှင့်တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီသြဇာအသင့်အတင့်ကောင်းပါသည်။ ရွာနှင့် (၃)မိုင်ခန့်အကွာရှိ စိမ့်စမ်းရေကိုသွယ်ယူကာ သောက်သုံးရေအဖြစ်အသုံးပြုပါသည်။ စပါးစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးကြပါသည်။

**၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

ပါဆန်းကျေးရွာတွင်အိမ်ထောင်စုပေါင်း (၉၈)စုနှင့် ကျား(၂၂၃)၊ မ(၂၂၆)ဦးဖြင့် လူဦးရေပေါင်း (၄၄၉)ဦး ရှိပါသည်။ တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေသည်(၅)ဦးနှုန်းခန့်ရှိသည်။ ကျေးရွာတွင် ရှမ်းလူမျိုး အများစု နေထိုင်ကြပြီး၊ ဗမာလူမျိုး အနည်းငယ်နေထိုင်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ ကျေးရွာတွင်စုစုပေါင်းလူဦးရေ၏(၈၀%)သည် အလုပ်လုပ်နိုင်သောလူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၂၀%) ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည်အမျိုးသမီးဦးရေထက် အနည်းငယ်ခန့်ပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာခနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင်အိမ်ထောင်စုအားလုံး၏(၃၀%)သည် ဆင်းရဲသောအိမ်ထောင်စုအဆင့်နှင့် (၁၀%) သည်အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး (၁၀%)သည်ချမ်းသာသည့်အဆင့်၊ (၅၀%)သည်အလယ်အလတ်အိမ်ထောင်စုအဆင့်ရှိကြသည်ဟု ခံယူကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ပါဆန်းကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် “၃” အိမ်ထောင်စုများ၏ (၂၀%)နှင့် အဆင့်“၄” အိမ်ထောင်စုများ၏(၁၀%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှုစစ်တမ်းကောက်ယူမှုအရ “၃”နှင့်”၄” အိမ်ထောင်စုစုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူလေ့လာထားသောအိမ်ထောင်စု (၇၀%)စုလုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်းတွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည်အကြွေးတင်ရှိမှုမရှိဟုလည်းဆိုကြသည်။ လယ်ယာများတွင် စပါးစိုက်ချိန်နှင့်ရိတ်သိမ်းချိန်များတွင်နေ့စားအငှားလိုက်ခြင်း၊ကျောက်ထုခြင်းလုပ်ငန်း များလုပ်ကိုင်ကာဝမ်စာအတွက်ဖူလုံမှုရှိသည်ဟုဆိုကြသည်။ဝမ်စာဖူလုံမှုမရှိသောအိမ်ထောင်စုများသည်မိတ် ဆွေနှင့်ဆွေမျိုးများထံမှချေးယူခြင်း၊လုပ်အားခကြိုယူခြင်းဖြင့်ဖြေရှင်းလေ့ရှိကြောင်းသိရပါသည်။ထို့ပြင်တစ် နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊စိုက်ခင်းများတွင်နေ့စားလုပ်ခြင်းဖြင့်စားဝတ်နေရေးဖြေရှင်း ကြသည်ဟုသိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ပါဆန်းကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုမှာလည်းကျန်းမာရေးကောင်းကြသည်။ သက်ကြီးရွယ်အို များတွင်သွေးတိုးရောဂါအဖြစ်များပါသည်။ ဝမ်းပျက်ဝမ်းလျော၊ ငှက်ဖျား၊ အာဟာရချို့တဲ့မှုရောဂါများလည်း ရံဖန်ရံခါဖြစ်ပွားမှုရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိပညာများ အားနည်းကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာ ရေး စောင့်ရှောက်မှုများကို ပါဆန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်း၊ မိုင်းဖြတ်မြို့ပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များအပြင် တပ်မတော်ဆေးကုသရေးအဖွဲ့များထံမှလည်း ရရှိပါသည်။ အများအားဖြင့် ကျေးရွာမှလူများသည် မိုင်းဖြတ်မြို့၌ရှိသော မိုင်းဖြတ်ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများသို့ ကျန်းမာရေးစောင့်ရှောက်ခြင်းများ ရရှိပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အားနည်းပါသည်။ အလယ်တန်းအဆင့်ထိသာတက်ရောက် မှု များကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သားအနည်းစုသည် အခြေခံအရေး၊ အဖတ်၊အတွက်များကိုသာ တက်မြောက်ကြပြီး အများစုသည်စာမတတ်ကြပါ။ ကျေးရွာတွင်အလယ်တန်းထိသာ ပညာသင်ကြားနိုင်ပြီး အနည်းစုသာ မိုင်းဖြတ်မြို့ အထက်တန်းကျောင်းသို့ တက်ရောက်သင်ကြားနိုင်သော်လည်း တက်ရောက်သူ ဦးရေ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ**

ပါဆန်းကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင်ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့်အမျိုးသားများကဦးဆောင်လျက် ရှိသည်။ ကျေးရွာ၏လူဦးရေဆိုင်ရာအချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီး လူဦးရေထက်အနည်းငယ်များကြောင်းတွေ့ရသည်။ သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင်နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ နည်းပါး၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့သည်ကျားမဦးရေ တန်းတူ ပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စအဖွဲ့၊ အရံမီးသတ်၊ ကျောင်းကော်မတီ၊ ရေကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု နည်းပါး ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာအဓိကထားစိုက်ပျိုးကြပါသည်။ လယ်စိုက်ကေ (၁၉၃)ကေ ဥယာဉ်ခြံမြေ (၃၅)ကေ၊ တောင်ယာ (၄၂) ကေ၊ မြေလွတ် မြေလပ် (၁၀)ကေ ရှိပါသည်။ လယ်၊တောင်ယာ၏ တစ်ကေပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် (၇၀)တင်းထွက်ရှိပါသည်။ ကျေးရွာတွင် ကျွဲ၊နွား မွေးသော အိမ်ထောင်စုအရေအတွက်မှာ (၄၀) အိမ်ထောင်စုရှိပြီးဒေသကျွဲ၊နွားများကိုမွေးမြူကြသည်။ ကြက်၊ဝက် များကို အိမ်ထောင်စု(၇၁)စု တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်း အတွက်အိမ် ထောင်စု(၃)စု ငါးကန်(၃)ခု တစ်ပိုင်တစ်နိုင် မွေးမြူပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးနှင့် အိမ်ဆိုင်ရောင်းခြင်းလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ယာမြေများ မကောင်းခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းကာ ကျေးရွာတွင် စားလောက်ရုံသာ ဖူလုံပါသည်။

အိမ်ဆိုင်ရောင်းခြင်းကြောင့် တစ်ချို့အိမ်ထောင်စုများသည် အဆင်ပြေကြပါသည်။ တစ်ချို့သည့် အခြားသူများ၏ လယ်၊ယာလုပ်ငန်းခွင်တွင် ရာသီအလိုက် အငှားလိုက်လုပ်ငန်း လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ရှိကာကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဗမ်းကျောင်းအထောက်အကူပြုသင်တန်းများဖြစ်သော အပ်ချုပ်စက်၊ ခြင်းရက်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ အလှပြင်အခြေခံသင်တန်း၊ အခြေခံဝါးလက်မှုထည်၊ ပန်းရံလက်သမားလုပ်ငန်း၊ ယက္ကန်းရက်သင်တန်းများအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်း ဖြင့် ကျေးရွာ၏အလုပ်အကိုင်အခွင့်အလှမ်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ပါဆန်းကျေးရွာတွင် တောင်သူများသည်ဓါတုပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုနည်းပါး၍ သဘာဝမြေဩဇာဖြစ်သည့် နွားချေးတို့ကိုသာအသုံးပြုကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျစွန့်ပစ်ရန် အမှိုက်ကင်းစင်ရေး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးကတ်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်လျှက်ရှိပါသည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ပါဆန်းကျေးရွာတွင်အလယ်တန်းကျောင်းတစ်ကျောင်းရှိပါသည်။ အဆိုပါအလယ်တန်းကျောင်း သည် ကျေးရွာအတွင်းသာတည်ရှိသဖြင့် သွားရေးလာရေးအလွန်အဆင်ပြေပါသည်။ ကျေးရွာတွင် ကျောင်းနေ အရွယ်ကလေးတိုင်း ကျောင်းတက်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းကိုသာ ပြီးဆုံးအောင်သင်ကြားကြပြီး အထက်တန်းပညာကို ဆက်လက်မတက်ရောက်ဘဲ လယ်၊ယာ လုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ အနည်းစုမှာ အထက်တန်း တက်နေသူများသာ ရှိပါသည်။။ စာသင်ကျောင်းတွင် ကျောင်းသားလူဦးရေများပြားခြင်းကြောင့် စာသင်ခုံမလုံလောက်ခြင်း ကျောင်းဆောင်၊ ပရိဘောဂများ ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ ဆင်းရဲသော မိသားစုများသည် ကျောင်းစရိတ်မတက်နိုင်သဖြင့် မူလတန်း အောင်မြင်ပြီးလျှင် ပညာဆက်လက်မသင်ယူပဲ စားဝတ်နေရေးနှင့်

ငွေကြေးအတွက် ကျောက်ထုအငှားလိုက်ခြင်း၊ လယ်၊ယာများလုပ်ကိုင်ခြင်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တက္ကသိုလ်ကျောင်းဆက်တက်သော ကျောင်းသား အနည်းအကျဉ်းသာရှိပါသည်။

ကျေးရွာအတွင်းတွင် ဆေးခန်းတွင်ကုသနိုင်သလို ပြည်သူ့ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များသို့လည်း သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော နှင့် ရာသီပေါ်ရောဂါများ အများဆုံး ဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင်နှင့်ကလေးများအား ကာကွယ်ဆေးကို ကျန်းမာရေးဌာနမှ လာရောက်ဆေးထိုးပေးမှု ရှိပါသည်။ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မိုင်းဖြတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသကြပါသည်။ ရွာသူရွာသားများအတွက်ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာအုပ်စုကျန်းမာရေးဌာန၊ မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့်ဆေးခန်းများမှရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ရွာမှ(၃)မိုင်ခန့်အကွာ စမ်းချောင်းမှ စိမ်းစမ်းရေသွယ်ယူကာ ရရှိသည့်ရေကို သောက်သုံးရေအဖြစ် အသုံးပြုပါသည်။ ကျေးရွာတွင်ရေစုကန်(၁)ခု ဖြင့်ရေစုထားပြီး ကျေးရွာသို့သွယ်ယူကာ သုံးစွဲကြပါသည်။ အများစုမှာ အိမ်သာမရှိဘဲ တောထဲတွင်သာအညစ် အကြေးစွန့်၍ အနည်းစုသာ တွင်းအိမ်သာ အသုံးပြုကြပါသည်။ အမှိုက်ကိုရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းကောင်းမွန်လာအောင်လုပ်ဆောင်လျှက် ရှိပါသည်။

**(ဆ)လူငယ်နှင့်ယဉ်ကျေးမှု**

ပါဆန်း ကျေးရွာတွင်လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ ကျေးရွာတွင်ရိုးရာဓလေ့ ဘာသာရေးပွဲများတွင်ကျေးရွာလူငယ်များအားလုံးပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအပိုင်းတွင် လူငယ်များပါဝင်မှုအားနည်းပါသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှုအတင့်အသင့်ရှိပါသည်။

**(ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ပါဆန်းကျေးရွာသည် မြို့နှင့်(၇)မိုင်ခန့်ဝေးကွာ၍ မိုင်းဖြတ်-မိုင်းယောင်း ပြည်ထောင်စုလမ်းမဘေးတွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူပါသည်။ ကျေးရွာတွင် ဌာနဆိုင်ရာများမှ ပညာပေးဟောပြောပွဲများ၊ တွေ့ဆုံပွဲများ ဆောင်ရွက်ရန် ခန်းမဆောင်မရှိသဖြင့် ယခုအခါ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေဖြင့် ရွာတွင်းခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်၍ အဆင်ပြေ

ကောင်းမွန်လာပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပမ်းဆက်သွယ်ရေးအတွက် စက်ဘီး(၂၅)စီး မော်တော် ဆိုင်ကယ်အစီး(၁၁၀)၊ သုံးဘီး(၇)စီး၊ ထော်လာဂျီ(၂)စီး နှင့်ကား(၁၁)စီး အသုံးပြုလျက်ရှိသည်။

ကျေးရွာရှိအိမ်ထောင်စုများသည် ကိုယ်ထူကိုယ်ထရေအားလျှပ်စစ်နှင့် ဆိုလာပြားဖြင့် လျှပ်စစ်မီး သုံးစွဲပါသည်။ ကျေးရွာတွင် မဟာဓါတ်အား လိုင်းမရှိပါ။ ယခုအခါ တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်မီးနှင့် ဖယောင်းတိုင်မီးများကိုသာ အသုံးပြုကြပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုမှုနည်းပါသည်။ ကျေးရွာတွင် မိသားစုတော်တော်များများ ဖုန်းသုံးစွဲနိုင်ပါသည်။ မြို့နယ်ဌာနများသို့ဆက်သွယ်ရာတွင် အဓိကအားဖြင့်တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေးအတွက်အမ်ပီတီ၊အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ဖုန်းလိုင်းများကိုအသုံးပြုနိုင်ပြီး တယ်လီဖုန်းသုံးစွဲသူဦးရေ နည်းပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်း အရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်သည်ဟုမယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ် ကျရောက်လေ့ မရှိသဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာသား များသည်(၁၀)မိုင်ခန့်အကွာရှိ မိုင်းဖြတ်မြို့နယ်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ**

သဘာဝအရင်းအမြစ်များတွင် လယ်၊ယာမြေအနည်းစုသည် ကျောက်ကုန်းမြေများဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်မှု ရှိသည်။ ရာသီဥတုကောင်းမွန်ပြီးရာသီပေါ်သီးနှံများစိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ ကျေးရွာတွင် စိမ့်စမ်းရေသာအသုံးပြု၍ ရေသွင်းစိုက်ပျိုးခြင်းလုပ်ငန်းများ မရှိပါ။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန်စျေးကွက်ကောင်းသည် အထူးသဖြင့် ကျွဲ၊ နွား၊ ကြက်နှင့် ဝက်ကိုတိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိယာမြေများမှာမြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာအသုံးပြုမှုများပြားပြီး သက်ဆိုင်ရာဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။ စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများကိုနည်းပညာမရှိခြင်းနှင့် နေရာအခက်အခဲကြောင့်တိုးချဲ့လုပ်ကိုင်ရန်ခက်ခဲပါသည်။

ဆိုက်ခေါင်ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် ကျေးရွာတွင် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ အထိအတွေ့တို့ အလွန်အားနည်းပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလ အတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ခန်းမဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်သွားပါမည်။

(က.၂) နှစ်ထပ်စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း ဆောင်ရွက်သွားပါမည်။

က.၃) ဝန်ထမ်းအိမ်ယာများဆောက်လုပ်ခြင်း ဆောင်ရွက်သွားမည်။

က.၄) အချိန်ပြည့်တာဝန်ယူဆောင်ရွက်နိုင်သည့် ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးပါရန် တောင်းဆို သွားပါမည်။

က.၅) ကန်လုံရေအေားလျှပ်စစ်မှလျှပ်စစ်မီးသွယ်တန်းခြင်း ဆောင်ရွက်သွားပါမည်။

က.၆) စပါးဖျက်ပိုးများနှင့်ပက်သက်၍နည်းပညာများ၊ ပိုးသတ်ဆေးများ၊ မြေသြဇာများအခမဲ့ပေးနိုင်ရေး ဆောင်ရွက် သွားပါမည်။

က.၇) စပါးဈေးတည်ငြိမ်မှုရှိလာစေရန်ညှိနှိုင်းခြင်း လုပ်ငန်း ဆောင်ရွက်သွားပါမည်။

က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျွဲနွားများ စနစ်တကျမွေးမြူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်သွားပါမည်။

က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကလေးငယ်များအတွက်ပညာသင်စရိတ် ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက် သွားပါမည်။

က.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် အပ်ချုပ်စက်သင်တန်းဖွင့်လှစ်နိုင်ရေး တင်ပြသွားပါမည်။

က.၁၁) စိုက်ပျိုးလုပ်ကိုင်ရန်မြေလွတ်မြေရိုင်း များဖော်ထုတ်ပေးနိုင်ရေး ဆောင်ရွက် သွားပါမည်။

က၁၂) ကျေးရွာတွင်းစာပေတတ်မြောက်လိုသော လူငယ်များအားအချိန်ပိုင်းစာသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သွားပါမည်။

က.၁၃) ကျေးရွာအားကစားကွင်းဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဆောင်ရွက် သွားပါမည်။

က၁၄ ) အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ် နိုင်ရေးဆောင်ရွက်သွားပါမည်။

က၁၅ ) မူးယစ်ဆေးဝါးနှင်းပက်သက်သောအသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးနိုင်ရေး ဆောင်ရွက် သွားပါမည်။

က၁၆ ) ကျေးရွာတွင်းလမ်းခင်းနိုင်ရေးဆောင်ရွက်သွားပါမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန်အောက်ပါ အကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

က.၁) ခန်းမဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက် သွားပါမည်။

(က.၂) နှစ်ထပ်စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းအား ပညာရေးဌာနသို့ တင်ပြတောင်းခံသွားပါမည်။

က.၃) ဝန်ထမ်းအိမ်ယာများဆောက်လုပ်ခြင်းအား သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက်သွားပါမည်။

က.၄) အချိန်ပြည့်တာဝန်ယူဆောင်ရွက်နိုင်သည့် ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးပါရန် ကျန်းမာရေးဌာနသို့ တောင်းဆိုသွားပါမည်။

က.၅) ကန်လုံရေအားလျှပ်စစ်မှလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအား သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက်သွားပါမည်။

က.၆) စပါးဖျက်ပိုးများနှင့်ပက်သက်၍နည်းပညာများ၊ ပိုးသတ်ဆေးများ၊ မြေဩဇာများအခမဲ့ပေးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက် သွားပါမည်။

က.၇) စပါးဈေးတည်ငြိမ်မှုရှိလာစေရန်ညှိနှိုင်းခြင်း လုပ်ငန်း ဆောင်ရွက်သွားပါမည်။

က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျွဲ၊နွားများ စနစ်တကျမွေးမြူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့အစည်းသို့ တင်ပြဆောင်ရွက်သွားပါမည်။

က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကလေးငယ်များအတွက်ပညာသင်စရိတ် ထောက်ပံ့ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ဆောင်ရွက် သွားပါမည်။

က.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် အပ်ချုပ်စက်သင်တန်းဖွင့်လှစ်နိုင်ရေး ကျေးလက်ဦးစီးဌာနသို့ တင်ပြသွားပါမည်။

က.၁၁) စိုက်ပျိုးလုပ်ကိုင်ရန်မြေလွတ်မြေရိုင်း များဖော်ထုတ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက် သွားပါမည်။

က၁၂) ကျေးရွာတွင်းစာပေတတ်မြောက်လိုသော လူငယ်များအားအချိန်ပိုင်းစာသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သွားပါမည်။

က.၁၃) ကျေးရွာအားကစားကွင်းဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက် သွားပါမည်။

က၁၄ ) အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ် နိုင်ရေး ကျေးလက်ဦးစီးဌာနသို့ တင်ပြဆောင်ရွက် သွားပါမည်။

က၁၅ ) မူးယစ်ဆေးဝါးနှင်းပက်သက်သောအသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက် သွားပါမည်။

က၁၆ ) ကျေးရွာတွင်းလမ်းခင်းနိုင်ရေး သက်ဆိုင်ရာဌာနသို့ တင်ပြဆောင်ရွက်သွားပါမည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ**

နိုင်ငံတော်၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။ နှစ်စဉ်ကျေးရွာ ရန်ပုံငွေတင်ပြတောင်းဆိုခြင်း အစီအစဉ် (AVIP) ကိုလည်း တင်ပြတောင်ခံသွားမည်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး၊**

ကျေးရွာတွင်လယ်၊ယာမြေများတွင် စပါးကိုစိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာအသုံးပြုကြပါသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် မျိုးကောင်းမျိုးသန့်အသုံးပြုရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အလွယ်တကူရရှိနိုင် ပါသည်။ လယ်သမားများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ရရှိပါသည်။

## (ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျွန်တော်တို့ကျေးရွာမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှအပ အခြားမည်သည့် အလုပ်အကိုင်မှ မတွေ့ရသေးပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆိုင်ကယ်၊ကား စသည့်စက်ပြင်သင်တန်း၊ လက်သမား၊ပန်ရံသင်တန်း အစရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တစ်နှစ်ပတ်လုံးဝန်ဆောင်ဆောင်မှု ပေးနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုမှငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလနှင့် ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည် အလုံးစုံပြည့်စုံမှုမရှိနိုင်ပါ။ ဆိုလိုသည်မှာကျေးရွာလူထုသည် ဤသို့မျှော်မှန်းရေးဆွဲထားပြီးသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ထပ်မံဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များ စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန်အတွက်လုပ်ငန်းဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစသည်ဖြင့် အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံသောစီမံကိန်းအုပ်စု(Functional classification) သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် မည်သို့ဆောင်ရွက်ရမည်ကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသောအုပ်စု (Economic classification) သတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

**(ဂ)ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| **အဆောက်အဦ** | ရွာတွင်းခန်းမဆောင်ဆောက်လုပ်ခြင်း | ၄၃ | ၁ | ဌာနဆိုင်ရာများမှ ပညာပေးဟောပြောပွဲ၊ ရွာတွင်းအစည်းအဝေးများ ပြုလုပ်ရန် ခန်းမဆောင်မရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောက်လုပ်သွားပါမည်။ | |
| **ပညာရေး** | နှစ်ထပ်ကျောင်းဆောင် | ၄၁ | ၃ | ကျေးရွာတွင် လူဦးရေတိုးပွားလာခြင်း | |

| | | | | | |
|---|---|---|---|---|---|
| | ဆောက်လုပ်ခြင်း | | | ကြောင့် ကျောင်းသားဦးရေများပြားလာပါသည်။ မြေနေရာမရှိခြင်း၊ ကျောင်းသားဦးရေနှင့်မညီမျှ၍ နဖာထပ်စာသင်ကျောင်းဆောင် သစ်ဆောက်လုပ်ရန် လိုအပ်နေ သောလုပ်ငန်းဖြစ်ပါသည်။ | |
| **ကျန်းမာရေး** | အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သည့် ကျန်းမာရေးဝန်ထမ်း ခန့်အပ်ပေးရန် | ၄၂ | ၂ | တာဝန်ကျ ကျန်းမာရေးဝန်ထမ်းမှာ ရုံးဆင်းချိန်တွင် မိုင်းဖြတ်မြို့ပေါ်သို့ ပြန်သွားသောကြောင့် ညဘက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခက်အခဲဖြစ်နေသောကြောင့် လိုအပ်နေခြင်းဖြစ်ပါသည်။ | |
| **လမ်း/တံတား** | ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း | ၁၉ | ၁၇ | ရွာတွင်းလမ်းမှာ မိုးရာသီတွင် ရေတိုက်စားခြင်း၊ ဗွက်ထခြင်းကြောင့် က လေးများကျောင်းသွားလာရာတွင် ခက်ခဲ ခြင်းကျန်းမာသန့်ရှင်းရေးမညီညွတ်ခြင်းတို့ကြောင့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ လိုအပ်နေသော လုပ်ငန်းဖြစ်ပါသည်။ | |
| **မီးလင်းရေး** | ကန်လုံရေအားလျှပ်စစ်မှလျှပ်စစ်မီးသွယ်တန်းပေးပါရန် | ၃၆ | ၄ | ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်မှာ မီးအားမကောင်းခြင်း၊ ကျေးရွာတွင် အိမ်ဆိုင်များ၌ ရေခဲသေတ္တာသုံးခြင်း၊ ကားဝပ်ရှော့ဆိုင်များရှိခြင်းကြောင့် ရေအားလျှပ်စစ်မီးလိုအပ်ခြင်းဖြစ်ပါသည်။ | |

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကိုအခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ – ၂၀၁၉ | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | နှစ်ထပ်စာသင်ကျောင်းဆောင်ဆောက်လုပ်ရန် | ၃ | | Â | | | |
| ၂ | ဝန်ထမ်းအိမ်ယာများဆောက်လုပ်ပေးရန် | ၆ | | | Â | | |
| ၃ | အချိန်ပြည့်တာဝန်ယူဆောင်ရွက်နိုင်သည့်ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးပါရန် | ၂ | | Â | | | |
| ၄ | ခန်းမဆောင်ဆောက်လုပ်ပေးရန် | ၁ | Â | | | | |
| ၅ | ကန်လုံရေအားလျှပ်စစ်မှလျှပ်စစ်မီးသွယ်တန်းပေးပါရန် | ၄ | | Â | | | |
| ၆ | စပါးဖျက်ပိုးများနှင့်ပက်သက်၍နည်းပညာများ၊ပိုးသတ်ဆေးများအခမဲ့ပေးနိုင်ရန် | ၅ | | Â | | | |
| ၇ | မြေဩဇာများအခမဲ့ထောက်ပံ့ပေးရန် | ၁၀ | | | Â | | |
| ၈ | စပါးဈေးတည်ငြိမ်မှုရှိလာစေရန်ညှိနှိုင်းပေးရန် | ၁၂ | | | | Â | |
| ၉ | ကျွဲ၊နွားများ စနစ်တကျမွေးမြူနိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးရန် | ၉ | | | Â | | |
| ၁၀ | ကလေးငယ်များအတွက်ပညာသင်စရိတ်ထောက်ပံ့ပေးရန် | ၁၁ | | | | Â | |
| ၁၁ | အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးရန် | ၁၅ | | | | | Â |
| ၁၂ | စိုက်ပျိုးလုပ်ကိုင်ရန်မြေလွတ်မြေရိုင်းများဖော်ထုတ်ပေးရန် | ၁၃ | | | | Â | |
| ၁၃ | ကျေးရွာတွင်းစာပေတတ်မြောက်လိုသောလူငယ်များအားအချိန်ပိုင်းစာသင်ကြား | ၁၄ | | | | Â | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | နိုင်ရန်ညှိနှိုင်းဆောင်ရွက်ပေးရန် | | | | | | |
| ၁၄ | ကျေးရွာအားကစားကွင်းဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် | ၁၆ | | | | | Â |
| ၁၅ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးရန် | ၇ | | | Â | | |
| ၁၆ | မူးယစ်ဆေးဝါးနှင့်ပက်သက်သောအသိ ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် | ၈ | | | Â | | |
| ၁၇ | ကျေးရွာတွင်းလမ်းခင်းပေးပါရန် | ၁၇ | | | | | Â |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာလုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | နှစ်ထပ်စာသင်ကျောင်းဆောင်ဆောက်လုပ်ရန် | | | √ | | |
| ၂ | ဝန်ထမ်းအိမ်ယာများဆောက်လုပ်ပေးရန် | | | √ | | |
| ၃ | အချိန်ပြည့်တာဝန်ယူဆောင်ရွက်နိုင်သည့် | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးပါရန် | | | | | |
| ၄ | ခန်းမဆောင်ဆောက်လုပ်ပေးရန် | | | √ | | |
| ၅ | ကန်လုံရေအားလျှပ်စစ်မှလျှပ်စစ်မီးသွယ် တန်းပေးပါရန် | | | √ | | |
| ၆ | စပါးဖျက်ပိုးများနှင့်ပက်သက်၍နည်းပညာ များ၊ပိုးသတ်ဆေးများအခမဲ့ပေးနိုင်ရန် | | | √ | | |
| ၇ | မြေသြဇာများအခမဲ့ထောက်ပံ့ပေးရန် | | | √ | | |
| ၈ | စပါးဈေးတည်ငြိမ်မှုရှိလာစေရန်ညှိနှိုင်း ပေးရန် | | | √ | | |
| ၉ | ကျွဲ၊နွားများ စနစ်တကျမွေးမြူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် | | | √ | | |
| ၁၀ | ကလေးငယ်များအတွက်ပညာသင်စရိတ် ထောက်ပံ့ပေးရန် | | | √ | | |
| ၁၁ | အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးရန် | | √ | | | |
| ၁၂ | စိုက်ပျိုးလုပ်ကိုင်ရန်မြေလွတ်မြေရိုင်း များဖော်ထုတ်ပေးရန် | | √ | | | |
| ၁၃ | ကျေးရွာတွင်းစာပေတတ်မြောက်လိုသော လူငယ်များအားအချိန်ပိုင်းစာသင်ကြားနိုင် ရန်ညှိနှိုင်းဆောင်ရွက်ပေးရန် | | √ | | | |
| ၁၄ | ကျေးရွာအားကစားကွင်းဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် | | √ | | | |
| ၁၅ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးရန် | | √ | | | |
| ၁၆ | မူးယစ်ဆေးဝါးနှင်းပက်သက်သောအသိ ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် | | √ | | | |
| ၁၇ | ကျေးရွာတွင်းလမ်းခင်းပေးပါရန် | | √ | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးသည် ကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့

ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီဖွံ့ဖြိုးရေးအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင် သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းတိုးတက်ရေးအတွက် အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ် ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်တာဝန်ပေးထားသောအဖွဲ့ကို ဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

